# 7th Sunday of Easter – (Year B)

## 1st READING: *Acts 1:15-17, 20a,20c-26*

တမန်တော်ဝတ္ထု ၁း ၁၅–၁၇၊ ၂၀–၂၆

ထိုနေ့ရက်တို့၌အရေအတွက်အားဖြင့်တစ်ရာနှစ်ဆယ်ခန့်ရှိသောနောက်လိုက်ညီအစ်ကိုတို့အလယ်၌ပေတရုသည်ထ၍၊ဤသို့ပြောဆိုလေ၏ ။ညီအစ်ကိုတို့၊သခင်ယေရှုးကိုဖမ်းဆီးသောသူတို့၏လမ်းပြဖြစ်သောဂျုဒကိုရည်ညွှန်း၍ဒေးဗစ်မင်းကြီး၏ နှုတ်အားဖြင့်သန့်ရှင်းသောဝိညာဉ်တော်မှ ဗျာဒိတ်ပေးဟောပြောထားတော်မူသောကျမ်းပိုဒ်သည်ပြည့်စုံခြင်းသို့ရောက်ရလိမ့်မည်တည်း။ အကြောင်းမူကား၊ထိုသူသည်ငါတို့အစုအဝေးတွင်ပါဝင်ခဲ့၍အမှုတော်ကိုလည်းဆောင်ရွက်သူဖြစ်ခဲ့၏ ။ ဆာလံကျမ်း၌ရေးထားသည်ကား သူ၏အရိုက်အရာကိုလည်းအခြားသူတစ်ဦးရယူစေဟူ၍တည်း ။ထို့ကြောင့်ငါတို့နှင့်အတူသခင်ယေရှုးရှိတော်မူစဉ်ကငါတိနှင့်လိုက်ပါလာခဲ့သူဖြစ်ပြီး။ ယောဟန်ဆေးကြောခြင်းပေးသည့်အချိန်မှစ၍ ကိုယ်တော်ကောင်းကင်သိုခေါ်ဆောင်ခြင်းခံရသည့်နေ့တိုင်အောင်ရှိခဲ့သူတစ်ဦးသည်ကိုယ်တော၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကိုငါတို့နှင့်အတူသက်သေခံသူဖြစ်ရမည်ဟုဆိုလေ၏ ။ထိုအခါတပည့်တော်တို့သည ဘ်ာဆာဘဟုခေါ်ပြီး၊ဂျုစတုအမည်သစ်ကိုရသောဂျိုးဇက်နှင့် မာသိယတို့ကို အဆိုပြုကြ၍၊ ဆုတောင်းကြသည်မှာအိုသခင်ဘုရား၊ကိုယတော်သည် လူအားလုံးတို့၏စိတ်နှလုံးကို သိမြင်တော်မူပါ၏ ။ ဂျုဒသည်မိမိနှင့်ထိုက်သောနေရာကိုသွားခဲ့သောကြောင့်အမှုတော်ဆောင်အရာနှင့်တမန်တော်အရာကိုဖောက်ပြန်စွန့်ခွာခဲ့သည်ဖြစ်ရာထိုနေရာကဆက်ခံရန်ဤသူနှစ်ယောက်တို့အနက် ကိုယ်တော်ရွေးကောက်သောသူက ပြတော်မူပါဟု ဆုတောင်းကြ၏ ။ထို့နောက်သူတို့အားလုံးသည်သူတို့နှစ်ဦးအတွက်မဲချကြသဖြင့်မာသိယအပေါ်မှာမဲကျသောကြောင့်သူသည်တမန်တော်တစ်ကျိပ်နှစ်ပါးတို့တွင်တစ်ပါးအပါအဝင်အဖြစ်ရေတွက်ခြင်းခံရလေ၏ ။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

# Responsorial Psalm  Ps 103:1-2, 11-12, 19-20

ဆာလံကျမ်း ၁၀၃

**သံပြိုင်။ ။** ထာဝရဘုရားသည်ကောင်းကင်ယံတွင်မိမိ၏ရာဇပလ္လင်ကိုတည်ထောင်တော်မူ၏။
R. The Lord has set his throne in heaven.

၁။အိုငါ့ဝိညာဉ်ထာဝရဘုရားအားချီးမွမ်းလော့။ငါ၏အတွင်း၌ရှိသမျှတို့ကိုယ်တော်၏သန့်ရှင်းသောနာမ
တော်ကိုချီးမွမ်းလော့။အိုငါ့ဝိညာဉ်ထာဝရဘုရားအားချီးမွမ်းလော့။ကိုယ်တော်ပေးတော်မူသောကျေးဇူးအ
ပေါင်းကိုမမေ့လျော့နှင့်။ **(သံပြိုင်)**

Bless the LORD, O my soul; and all my being, bless his holy name. Bless the LORD, O my soul,and forget not all his benefits.

၂။အကြောင်းမူကားကောင်းကင်ယံတို့သည်ကမ္ဘာမြေကြီးအထက်တွင်မြင့်မားသည်နှင့်အမျှကိုယ်တော်ကို
ကြောက်ရွံ့သူတို့အပေါ်ထားရှိသည့်ကိုယ်တော်၏မေတ္တာတော်သည်ကြီးမားတော်မူ၏။အရှေ့အရပ်သည်အ
နောက်အရပ်မှဝေးကွာသည်နှင့်အမျှကိုယ်တော်သည်တပည့်တော်တို့၏ပြစ်မှားမှုများကိုငါတို့မှဝေးကွာစေ
တော်မူ၏။ **(သံပြိုင်)**

For as the heavens are high above the earth, so surpassing is his kindness toward those who fear him. As far as the east is from the west, so far has he put our transgressions from us.

၃။ထာဝရဘုရားသည်ကောင်းကင်ယံတွင်မိမိ၏ရာဇပလ္လင်ကိုတည်ထောင်တော်မူ၍ကိုယ်တော်၏နိုင်ငံတော်
သည်အရာခပ်သိမ်းတို့ကို အုပ်စိုးတော်မူ၏။ အသင်သိကြားတမန်များတို့ နှုတ်ကပတ်တော်၏အသံကိုနာခံ
လျက်အမိန့်တော်အတိုင်းဆောင်ရွက်ကြသောအသင်ခွန်အားကြီးသူတို့ထာဝရဘုရားကိုချီးမွမ်းကြလော့။
**(သံပြိုင်)**

The LORD has established his throne in heaven, and his kingdom rules over all. Bless the LORD, all you his angels, you mighty in strength, who do his bidding.

## 2nd READING: *1John 4:11-16*

ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄း၁၁–၁၆

ချစ်မြတ်နိုးရသူတို့ဘုရားသခင်သည်ငါတို့အားဤမျှလောက်ချစ်တော်မူခဲ့ပါလျှင်ငါတို့သည်လည်းအချင်းချင်းချစ်သင့်ကြပေသည်။မည်သူမျှဘုရားသခင်ကိုမမြင်ဖူးပေ။ငါတို့သည်အချင်းချင်းချစ်ကြပါလျှင်ဘုရားသခင်သည် ငါတို့နှင့်အတူရှိပြီးကိုယ်တော်၏ချစ်ခြင်းမေတ္တာသည်လည်း ငါတို့၌ပြည့်ဝစုံလင်လာခဲ့၏။ ဘုရားသခင်သည်ငါတို့အားမိမိ၏ဝိညာဉ်တော်ကိုပေးသနားတော်မူခဲ့သောကြောင့်ငါတို့သည်ကိုယ်တော်နှင့်အတူရှိပြီးကိုယ်တော်သည်လည်း ငါတို့နှင့်အတူရှိကြောင်းကိုငါတို့သိကြ၏။ ခမည်းတော်ဘုရားသည မိမိ၏သားတောကိုကမ္ဘာလောက၏ကယ်တင်ရှင်အဖြစ စေလွှတ်ခဲ့ကြောင်းကိုငါတို့တွေ့မြင်ခဲ့ကြရပြီးသက်သေခကြ၏။ သခင်ယေရှုးသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကို ယုံကြည်ဝန်ခံသူတိုင်း၌ဘုရားသခင်သည်သူနှင့်အတရှိပြီးသူသည်လည်းဘုရားသခင်နှင့်နှင့်အတူရှိ၏။ သို့ဖြစ်၍ငါတို့အပေါ်ထားရှိသောဘုရားသခင်၏မေတာတော်ကိုငါတို့သိရှိယုံကြည်ကြ၏။ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ချစ်ခြင်းမေတ္တာနှင့်အတူတည်ရှိသူသည် ဘုရားသခင်နှင့်အတူတည်ရှိပြီး၊ ဘုရားသခင်သည်လည်းထိုသူနှင့်အတူတည်ရှိတော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## GOSPEL: *John 17:11b-19*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၇း ၁၁–၁၉

သန့်ရှင်းမွန်မြတ်တော်မူသောအဖ၊ကျွန်ုပ်အားအပ်နှင်းထားတော်မူသောသူတို့သည်ကျွန်ုပ်တို့ကဲ့သို့တစ်လုံးတစ်ဝတည်းဖြစ်ကြစေရန်ကိုယ်တော၏နာမတော်၌စောင့်ရှောက်တော်မူပါ။ကျွန်ုပ်သည်ကိုယ်တော်ပေးတော်မူသောသူတို့နှင့်အတူရှိစဉ် ကိုယ်တော်၏နာမတော်၌သူတို့က စောင့်ရှောက်ခဲ့ပါ၏။ ကျွနပ်သည်သူတို့ကိုစောင့်ထိန်းခဲ့ပါပြီကျမ်းစာတော်ပြည့်စုံစေမည့်အကြောင်းပျက်စီးရမည့်သူတစ်ဦးမှတစ်ပါးအခြားမည်သူမျှပျက်စီးခြင်းသို့မရောက်ရှိပါ။ယခုအကျွန်ုပ်သည်ကိုယ်တော်ထံသို့လာသည်ဖြစ်၍ကျွန်ုပ်၏ဝမ်းမြောက်ခြင်းသည်သူတို့၌ပြီးပြည့်စုံစေရန်ဤလောကတွင်ရှိနေစဉ် ဤစကားများကုကျွန်ုပ်ပြောဆိုခဲ့ပါ၏။ ကျွန်ုပ်သည်ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကိုသူတို့အားပေးခဲ့ပါပြီ။ကျွန်ုပ်သည်ဤလောကနှင့်မသက်ဆိုင်သကဲ့သို့သူတို့သည်လည်းဤလောကနှင့်မသက်ဆိုင်ကြသောကြောင့်လောကသားတို့သည်သူတို့ကိုမုန်းတီးကြပါ၏။သူတို့အားဤလောကမှဖယ်ရှားတော်မူရန်ကျွန်ုပ်တောင်းလျှောက်သညမဟုတ်ပါသူတို့ကိုနတ်ဆိုးလက်မှကင်းလွတ်စေရန်စောင့်ထိန်းတော်မူပါမည့်အကြောင်းကျွန်ုပ်တောင်းလျှောက်ပါ၏။ကျွန်ုပ်သည်ဤလောကနှင့်မသက်ဆိုင်သကဲ့သို့သတို့သည်လည်းဤလောကနင့်မသက်ဆိုင်ကြပါ။သူတို့ကိုသမ္မာတရားတော်၌သန့်ရှင်းမွန်မြတ်စေတော်မူပါ။ကိုယ်တော်၏နှုတ်ကပတ်တော်သည်သမ္မာတရားဖြစ်တော်မူ၏။ကိုယ်တော်သည်ကျွန်ုပ်ကိုဤလောကထဲသို့စေလွှတ်တော်မူသကဲသို့ကျွန်ုပ်သည်လည်းသူတို့ကိုဤလောကထဲသို့စေလွှတ်ပါ၏။သူတို့သည်သမ္မာတရားတော်၌ဆက်ကပ်ပူဇော်ကြစေရန်ကျွန်ုပ်သည်သူတို့အတွက်မိမိကိုယ်ကိုပူဇော်ဆက် ကပ်ပူဇော်ပါ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**